# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# (၁၁)ရက်မြောက်နေ့ အစီအစဉ်

# [ ၁၃–၂–၂၀၁၉ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **မြန်မာ့မော်တော်ယာဉ် ထုတ်လုပ်မှုကဏ္ဍတွင် တစ်စိတ်တစ်ပိုင်းတပ်ဆင် ထုတ်လုပ်သည့်စနစ် (SKD) ဖြင့် လာရောက်ရင်းနှီးမြှုပ်နှံကြသည့် ပြည်ပကုမ္ပဏီပေါင်း မည်မျှရှိပြီး မော်တော်ယာဉ်များ၏ အရည်အသွေးကြံ့ခိုင်ကောင်းမွန်မှု (Quality control) ကို မည်ကဲ့သို့ ထိန်းချုပ်ထားပါသနည်းနှင့် အနာဂတ်တွင် လျှပ်စစ်ဘတ်စ်ကား (e Bus) များစမ်းသပ်မောင်းနှင် အသုံးပြုနိုင်ရန် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားပါသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးဘုန်းမြင့်အောင်၊ ဒိုက်ဦး မဲဆန္ဒနယ်၏ **ဒိုက်ဦးမြို့နယ် ယခင်စက်မှု (၁) ပိုင် ကော်မှုန့်စက်ရုံ (၃)ထပ် အဆောက်အဦကို ပြန်လည်မွမ်းမံ ပြင်ဆင်၍ အစိုးရစက်မှုလက်မှု အထက်တန်းကျောင်းအသစ် (ဒိုက်ဦး)အဖြစ် ဖွင့်လှစ်ပေးနိုင်ခြင်းရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးမင်းကြည်၊ သံတွဲ မဲဆန္ဒနယ်၏ **ရခိုင်ပြည်နယ်၊ သံတွဲခရိုင် ပြည်သူ့ဆေးရုံကြီးအား ခုတင် (၁၀၀) ဆံ့ ဆေးရုံမှ ခုတင် (၂၀၀) ဆံ့ ဆေးရုံအဖြစ်သို့ တိုးမြှင့်ပေးပါရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးကျော်ငွေး၊ လေရှိုး မဲဆန္ဒနယ်၏ **လေရှိုးမြို့နယ်ရှိ ပန်ဆပ်၊ မွန်းကိုင်လင်နှင့် မသော်ရီ ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနများတွင် စံကိုက်အဆောက်အဦ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါက်တာဦးသန်းဝင်း၊ မြောက်ဥက္ကလာပ မဲဆန္ဒနယ်၏ **မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးအတွက် လိုအပ်ချက်များနှင့် ခုတင်(၁၅၀၀) ဖွဲ့စည်းပုံ အဆင့်မြှင့်နိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးမြင့်ကြည်၊ ကသာ မဲဆန္ဒနယ်၏ **ကသာပြည်သူ့ဆေးရုံကြီးသို့ မေ့ဆေးအထူးကုဆရာဝန် ခန့်ထားပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးဝင်းထူး၊ နမ့်ဆန် မဲဆန္ဒနယ်၏ **နမ့်ဆန်မြို့နယ်ရှိ (၂၅%) ဖောက်လုပ်ပြီးစီးပြီဖြစ်သော ဘောလုံးကွင်းနှင့် မိုးလုံလေလုံ အားကစားကွင်းအား (၁၀၀%) အပြီး လုပ်ဆောင်နိုင်ရန်အတွက် ကျန်ရှိသော ဘဏ္ဍာငွေ (၇၅%) ကျပ်(၁၀၃၂.၃၄၀) သန်းအား ယခုနှစ်**

**ဖြည့်စွက်ရန်ပုံငွေမှ စတင်ကာ ခွင့်ပြုရန်ပုံငွေပြန်လည်ခွဲဝေ ချထားပေး၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **“စားသုံးသူကာကွယ်ရေး ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇ ။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **“ စားသုံးသူကာကွယ်ရေး ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၈။ ဒေါက်တာဦးစိန်မြအေး၊ ဒလ မဲဆန္ဒနယ်က တင်သွင်းသည့် **“နိုင်ငံတော်၏ မျိုးဆက်သစ်လူငယ်များအား ကျန်းမာလန်းဆန်း ဖြောင့်မတ်သော မျိုးဆက်သစ်များအဖြစ် ကြီးပြင်းလာကြစေရေး၊ လုပ်ငန်းခွင်ရောက် ပြည်သူများ၏ ကာယစိတ္တ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် သက်ကြီးနိုင်ငံသားများ ကျန်းမာနုပျိုစေရေး တို့နှင့်အတူ မူးယစ်ဆေးဝါးနှင့် အခြားမလိုလားအပ်သော အာရုံများမှ ကင်းလွတ်သက်သာစေနိုင်သည့် အားကစားကဏ္ဍကို စီမံကိန်းနှင့် ရန်ပုံငွေများ ချမှတ်၍ တိုက်တွန်းအားပေး ဖော်ဆောင်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဒေါက်တာဦးသန်းဝင်း၊ မြောက်ဥက္ကလာပ မဲဆန္ဒနယ်၊

(ခ) ဦးကျော်မင်းလှိုင်၊ ဥတ္တရသီရိ မဲဆန္ဒနယ်၊

(ဂ) ဦးမြင့်ကြည်၊ ကသာ မဲဆန္ဒနယ်၊

(ဃ) ဒုတိယဗိုလ်မှူးကြီးစိုင်းအိုက်လှ၊ တပ်မတော်သားကိုယ်စားလှယ်၊

( င ) ဒေါက်တာဒေါ်ခင်စည်သူ၊ လှိုင်ကော် မဲဆန္ဒနယ်၊

( စ ) ဦးသန့်ဇင်ထွန်း၊ ဒက္ခိဏသီရိ မဲဆန္ဒနယ်၊

(ဆ) ဒေါ်ခင်စန္ဒီ၊ လောင်းလုံး မဲဆန္ဒနယ်၊

( ဇ ) ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည် မဲဆန္ဒနယ်၊

(ဈ) ဒုတိယဗိုလ်မှူးကြီးဇော်မျိုးထက်၊ တပ်မတော်သားကိုယ်စားလှယ်၊

(ည) ဦးပဲ့ဒူ၊ ဖရူဆို မဲဆန္ဒနယ်၊

( ဋ ) ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်၊

( ဌ ) ဦးစောဗစ်တာခလိုက်၊ သံတောင်ကြီး မဲဆန္ဒနယ်၊

( ဍ ) ဗိုလ်မှူးကျော်ကျော်၊ တပ်မတော်သားကိုယ်စားလှယ်၊

( ဎ ) ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်၊

(ဏ) ဦးမြင့်ဝေ၊ ဂွ မဲဆန္ဒနယ်၊

၉။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။